ဆွန်မွန်းကျေးရွာ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၂၀ - ၂၀၂၁)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဆွန်မွန်းကျေးရွာ၊ မိုးနဲမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၀ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၄
	ကျေးရွာ သယံဇာတပြမြေပုံ၊	၅
	ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊	၆
	ကျေးရွာတွင်းနှင့်ကျေးရွာ ပြင်ပအဖွဲ့အစည်းများဆက်စပ်မှုပြပုံ၊	၇
အပိုင်း (က) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ		
၁။	တည်နေရာနှင့် ပထဝီဝင် အနေအထား	၈
၂။	ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ	၈
၃။	လူဦးရေဆိုင်ရာ အချက်အလက်များ	၈
၄။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	၉
၅။	စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	
	(က) သီးနှံ စိုက်ပျိုးရေး	၉
	(ခ) မွေးမြူရေးလုပ်ငန်း	၁၀
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	၁၀
	(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု	၁၀
၆။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	၁၀
	(ခ) ကျေးရွာ မီးလင်းရေး	၁၁
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	၁၁
၇။	ပညာရေး	၁၁
၈။	ကျန်းမာရေး	၁၁
၉။	**ဘာသာရေးအဆောက်အဦများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	၁၂
၁၀။	ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	၁၂
၁၁။	**ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး**	၁၂

၁၂။	**ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး**	၁၂
၁၃။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	၁၃
အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက်		
	စီမံချက် အဆိုပြုလွှာ (၁)	၁၄
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	၁၇
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ	၁၈
	နောက်ဆက်တွဲ (၃) ကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	၇၁

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁/၂၀၂၆ ခုနှစ် အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦး အနေဖြင့်စီမံကိန်းဖြစ် မြောက်ရေး အတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည် မြောင်းဝန်ကြီး ဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင် ရှိပါ သည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေး သော ကျေးရွာအုပ်စုအုပ်ချုပ် ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ ကြသော် လည်း လူထုအများ စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးရုံ သာမက နည်းပေးလမ်းပြ ကူညီ ပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေး ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်း နှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှ လည်းကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ် သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်း တိုးတက်မှု၊ ပေါ်ပေါက်လာ သည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်း အစီအစဉ်များကို မူဘောင်အတွင်း ပြုပြင် ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင် ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုး ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ် ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာ ဖွံ့ဖြိုးရေး ဗျူဟာ တည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထား ပါသည်။

ဒီဇင်ဘာလ၊ ၂၀၂၀

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ဆွန်မွန်းကျေးရွာ
မိုးနဲမြို့နယ်

ဆွန်မွန်းကျေးရွာ သယံဇာတပြမြေပုံ၊မိုးနဲမြို့နယ်



ဆွန်မွန်းကျေးရွာရာသီခွင်ပြ ပြက္ခဒိန်၊ မိုးနဲမြို့နယ်

ရာသီခွင်ပြပြက္ခဒိန်

ကျေးရွာ - ဆွန်မွန်း

ကျေးရွာအုပ်စု - ကုန်းလွှင်

အကြောင်းအရာ	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
အလုပ်အကိုင်	သင့်	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	သင့်	သင့်	သင့်
လက်လုပ်လက်စားမိသားစုများ၏ဝင်ငွေ	နည်း	နည်း	ကောင်း	ကောင်း	ကောင်း	သင့်	သင့်	သင့်	နည်း	နည်း	နည်း	နည်း
အသုံးစရိတ်	များ	များ	များ	များ	များ	များ	များ	သင့်	သင့်	နည်း	နည်း	နည်း
ချေးငွေလိုအပ်မှု	လို	လို	လို	လို	လို	နည်း	နည်း	နည်း	လို	လို	လို	လို
ဝမ်းစာဖူလုံမှု	သင့်	သင့်	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	သင့်	သင့်	သင့်	သင့်
သောက်သုံးရေရရှိမှု	သင့်	သင့်	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	သင့်	သင့်
တိရစ္ဆာန်အစာရရှိမှု	နည်း	နည်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း
တိရစ္ဆာန်ရောဂါကျရောက်မှု	-	-	-	-	-	-	-	-	-	-	-	ခွာနာ လျှာနာ
ကျန်းမာရေးအခြေအနေ	ရှားပါး	များ	ဝမ်းလျှော	များ	များ	များ	ကောင်း	ကောင်း	ရှားပါး	ရှားပါး	ရှားပါး	များ
သီးနှံပိုးမွှားရောဂါကျရောက်မှု	-	-	ဖျက်ပိုး	ဖျက်ပိုး	နည်း	နည်း	-	-	-	-	-	-
ပွဲတော်	သင်္ကြန်ပွဲ	-	-	-	-	-	[illegible]ပွဲ	[illegible]	-	-	ထမနဲပွဲ	[illegible]
သဘာဝဘေးအန္တရာယ်ကျရောက်မှု	ရေကြီး	ရေကြီး	-	-	-	-	-	-	-	-	-	-
ရာသီဥတု	☀	🌦	🌧	🌧	🌧	🌧	☁	☁	⛅	☀	☀	☀

ဆွန်မွန်းကျေးရွာကျေးရွာတွင်းနှင့် ကျေးရွာပြင်ပ ဆက်စပ်မှုပြပုံ၊ မိုးနဲမြို့နယ်



အပိုင်း (က)

ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ဆွန်မွန်းကျေးရွာသည် ရှမ်းပြည်နယ်(တောင်ပိုင်း)၊လင်းခေးခရိုင်၊မိုးနဲမြို့နယ်၏ **ကုန်းလွန်း**ကျေးရွာအုပ်စုတွင် တည်ရှိပါသည်။ မိုးနဲမြို့၏ (၁၃)မိုင်အကွာတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့လက်တွင် ဟွေဟေးကျေးရွာ၊တောင်ဘက်တွင် ခိုတိဝိုးကျေးရွာ၊ပန်လော့ ကျေးရွာနှင့် မြောက်ဘက်တွင် နောင်ခမ်းကျေးရွာ၊လွိုင်ချိုကျေးရွာတို့တည်ရှိပါသည်။ မြေပြန့်ဒေသ ဖြစ်ပြီးကျေးရွာတွင် ရှမ်းလူမျိုးများ အများဆုံး နေထိုင်ကြပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ အေးမြစွတ်စိုသောရာသီဥတုဖြစ်ပါသည်။ စိုက်ပျိုးနိုင်သော မြေဧရိယာမှာလယ်ယာမြေဖြစ်ပြီး စုစုပေါင်း (၄၅)ဧကရှိပါသည်။ မြေဆီလွှာ အရည်အသွေး မှာ အသင့်အတင့် ကောင်းမွန်ပါသည်။ကျေးရွာတွင် ဓါတ်သတ္တုနှင့်အခြား သဘာဝ ရင်းမြစ်များ ရှာဖွေတွေ့ရှိခြင်းမရှိပါ။ သစ်တောများပြုန်းတီးမှု များလာသဖြင့် သဘာဝ တိရစ္ဆာန်မျိုး စိတ်များအား ယခင်ကတွေ့ရှိရသော်လည်း ယခုအခါ ရှားပါးနေပြီ ဖြစ်ပါသည်။

၃။ လူဦးရေဆိုင်ရာ အချက်အလက်များ

ကျေးရွာတွင် အိမ်ခြေ(၁၃)ရှိပြီး လူဦးရေပေါင်း(၇၅)ဦးရှိသည်။ အိမ်ခြေနှင့်လူဦးရေ အချိုးညီမျှ သည်ဟု ယူဆပါသည်။ ကျေးရွာတွင် ရှမ်းလူမျိုးများ အများဆုံး နေထိုင်ကြပါ သည်။ ကျေးရွာတွင်မူလတန်းကျောင်းရှိပါသည်။အလယ်တန်းနှင့်အထက်တန်းကို မိုးနဲမြို့ တွင်သွားရောက်သင်ကြားကြရပါသည်။အဆောင်စရိတ်ငွေကြေး မတတ်နိုင်သောကြောင့် အလယ်တန်း၊ အထက်တန်းတက် ရောက်သူနည်းပါးပါသည်။ ကျေးရွာ လူဦးရေ၏

(၈၀)ရာခိုင်နှုန်းမှာ အလုပ်လုပ်နိုင်သည့် အရွယ်ဖြစ်သောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး အတွက် အခွင့် အရေးဖြစ်ပါသည်။

၄။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် လူငယ်အဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့၊ကျန်းမာရေးကော်မတီနှင့် ကျောင်းအကျိုးတော်ဆောင် အဖွဲ့များရှိပါသည်။ ကျေးရွာရှိလူငယ်အဖွဲ့သည်ကျေးရွာ၏ သာရေး၊ နာရေး ကိစ္စရပ်များတွင် ပါဝင် ဆောင်ရွက်ကြပါသည်။ ရပ်မိရပ်ဖအဖွဲ့သည် ကျေးရွာ၏ဘာသာရေး၊ လူမှုရေးဆိုင်ရာကိစ္စရပ်များတွင် ဦးဆောင်ကြပါသည်။ ပညာရေးဆိုင်ရာကိစ္စရပ်များအတွက် (၅)ဦးပါဝင်သောကျောင်းကော်မတီမှ ဦးဆောင်ကြပါသည်။

၅။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး ဇယား:

ကျေးရွာတွင် အဓိကအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင်အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ ပြောင်းနှင့်စပါးတို့ကို အဓိကစိုက်ပါသည်။ အိမ်အများစုတွင် ကိုယ်ပိုင်လယ်၊ တောင်ယာ စသည်ဖြင့် စိုက်ပျိုးကြပြီး မြေယာမဲ့မိသားစုတချို့မှာ ကျပန်းလုပ်ကိုင် အသက်မွေးကြပါသည်။ တောင်ယာစပါးကို မိသားစုစားသုံးရန်အတွက်သာစိုက်ပျိုးကြပါသည်။

ကျေးရွာအနီးပတ်ဝန်းကျင်ရှိ တောင်ကုန်းတောင်တန်းများကြောင့်လယ်မြေ အနည်းအကျဉ်းသာရှိပြီး တောင်ယာမြေများသာ ခုတ်ထွင်ကာစိုက်ပျိုးကြပါသည်။ မိမိတို့စိုက်ပျိုးရန်တတ်နိုင်သောကေထိ ပြောင်းသီးနှံကို အဓိကထားစိုက်ပျိုးကြပါသည်။ ကျေးရွာရှိအိမ်ထောင်စုအများစုမှာ မြေယာပိုင်ဆိုင်မှု အသင့်အတင့်ရှိကြပါသည်။စိုက်ပျိုးစရိတ်အရင်းအနှီး မတတ်နိုင် သောကြောင့် မြေယာပိုင်ဆိုင်သလောက်စိုက်ပျိုးနိုင်ခြင်းမရှိပါ။

ကျေးရွာ တွင် စပါးနှင့် ပြောင်းသီးနှံကို အဓိကစိုက်ပျိုးကြပါသည်။ ပုံမှန်အား ဖြင့် ရာသီဥတု အခြေအနေမှန်ကန်မှုအပေါ် မူတည်၍ အထွက်နှုန်းကောင်းသည့်နှစ်ရှိ သကဲ့သို့ တစ်ခါ တစ်ရံ ဆုံးရှုံးမှုများဖြစ်ပေါ်တတ်ပါသည်။

အဆင့်မြင့်စိုက်ပျိုးရေးသုံးစက်ကိရိယာများ ပိုင်ဆိုင်၊ သုံးစွဲနိုင်မှုအိမ်ထောင်စု အနည်းငယ်သာရှိပြီး အများစုမှာ မိရိုးဖလာစိုက်ပျိုးရေးနည်းစနစ်များကိုသာ အသုံးပြု စိုက်ပျိုးကြပါသည်။ ကျေးရွာတွင် လက်တွန်းထွန်စက်(၇)စင်းရှိပါသည်။ လက်တွန်းထွန်စက်ကို တစ်နာရီလျှင်(၁၀၀၀၀)နှုန်းဖြင့် ငှားရမ်းအသုံးပြုနိုင်ပါသည်။ နွားနှင့်ကျွဲများ များစွာရှိသဖြင့် သဘာဝမြေသြဇာများကို လုံလောက်စွာ သုံးစွဲနိုင်ပြီး ကြပါသည်။ဓါတ်မြေသြဇာများ ကိုလည်း မိုးနဲမြို့တွင် အလွယ်တကူဝယ်ယူရရှိနိုင် သည်။ ထွက်ကုန်များကို မိုးနဲမြို့ နှင့်နမ့်စန်မြို့တွင် ရောင်းချနိုင်သည်။ ဆေးဆိုင်များမှ ရောင်းချသည့် ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးများ များကိုသာအသုံးပြုကြသည်။ ချေးငွေကို ပွဲစားများထံမှရရှိပြီး အတိုးနှုန်း(၁၀%)နှုန်းပေးရသည်။ သီးနှံပေါ်ချိန်တွင် ပြန်လည်ပေးဆပ်ရပါသည်။သီးနှံများဆုံးရှုံးမှုများဖြစ်ပါကပေးဆပ်ရန်ခက်ခဲကြသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင်နွား၊ ဝက်၊ ကြက် စသည်တိရစ္ဆာန်တို့ကို တစ်ပိုင်တစ်နိုင်သာ မွေးမြူ ထားကြပါသည်။ စားကျက်မြေသီးသန့်မရှိပါ။ ပြောင်းသီးနှံများကိုစိုက်ပျိုးကြ သော်လည်းတိရစ္ဆာန်အစာအဖြစ် အသုံးပြုမှုနည်းပါသည်။ နှစ်စဉ်ကြက်ရောဂါကျ ရောက်ပြီး သေဆုံးမှုရှိသည်။ စိုက်ပျိုးရေးကိုသာအဓိကလုပ်ကိုင်ကြသဖြင့် မွေးမြူရေး ကိုစီးပွားဖြစ် လုပ်ကိုင်ကြခြင်းမရှိပါ။ ရေနှင့်မြေနေရာရရှိနိုင်မှု အသင့်အတင့် ရှိပါသည်။ ငါးမွေးမြူရေလုပ်ငန်းဆောင်ရွက်ခြင်းမရှိပေ။ မွေးမြူရေး လုပ်ကိုင်ရန် နည်းပညာဝန် ဆောင်မှုများနှင့် စားကျက်မြေရှားပါးမှုများ အဓိက အခက်အခဲ ဖြစ်ပါသည်။ မွေးမြူရေး နှင့် ကုသရေးဦးစီးဌာနနှင့် ချိတ်ဆက်မှုအား နည်းပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျွန်ုပ်တို့ကျေးရွာတွင်စိုက်ပျိုးရေးလုပ်ငန်းကိုသာ အဓိကလုပ်ကိုင်ကြပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ပွဲစားများထံမှ ငွေချေးယူ၍ရရှိနိုင်ပြီး အတိုး(၁၀%)ပေးရသည်။

၆။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

မော်တော်ဆိုင်ကယ်များမှာ အိမ်တိုင်းတွင်ရှိပြီး အဆင်ပြေသောအိမ်အချို့တွင် ထော်လာဂျီ၊ကားနှင့်သုံးဘီးဆိုင်ကယ်များရှိပါသည်။ ကျေးရွာတွင်လမ်းများသည် မြေသားလမ်း မျှသာဖြစ်ပြီး ကိုယ်ထူကိုယ်ထဖြင့် ဖြုံးကျောက်အနည်းငယ်ခင်းထား သော်လည်း တည်ဆောက်သည့်ကာလကြာမြင့်ပြီဖြစ်သောကြောင့် မိုးရာသီတွင် ပျက်စီး မှုများဖြစ်ပေါ်တတ်ပါသည်။ မိမိတို့ ကျေးရွာ၏ အဓိကလမ်းမကြီးအား အခြားကျေးရွာ များကပါ သုံးစွဲလျက်ရှိသောကြောင့် ပြုပြင်ထိန်းသိမ်းရန် လိုအပ်ပါသည်။ ချဉ်းကပ် လမ်း၊ ရွာချင်းဆက်လမ်းများမှာလည်း မြေသား လမ်းအဆင့်သာဖြစ်သောကြောင့် အဆင့်မြှင့် တင်ပြုပြင်သင့်ပါသည်

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓါတ်အားလိုင်းရရှိပြီးဖြစ်ပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

လျှပ်စစ်မီးရရှိပြီးဖြစ်သောကြောင့် သတင်းအချက်အလက်များကို ဂြိုလ်တု စလောင်းတွင် အလွယ်တကူရယူနိုင်ပါသည်။

၇။ ပညာရေး

ကျေးရွာလူဦးရေ စုစုပေါင်း(၇၅)ဦးတွင် တက္ကသိုလ်အဆင့်ရှိသူ မရှိသောကြောင့် ကျေးရွာ၏ပညာရေးအားနည်းမှုကို ဖော်ပြလျက်ရှိပါသည်။ မူလတန်းပညာတတ် မြောက်ပြီး လျှင် မိဘလုပ်ငန်းတွင်ဝင်ရောက်လုပ်ဆောင်ကြသည်မှာများသည်။ အလယ်တန်း နှင့် အထက်တန်းကို မိုးနဲနှင့်နမ့်စန်မြို့တွင်သာ သွားရောက်ပညာသင်ကြားကြရပါသည်။ ငွေကြေး တတ်နိုင်သူအနည်းစုသာ မိမိတို့သား/သမီးများကို အဆောင်တွင်ထား၍ပညာ

သင်ကြား စေနိုင်ပါသည်။ ထို့ကြောင့်အလယ်တန်း၊အထက်တန်းပညာတတ်မြောက်သူနည်းသည်။

၈။ ကျန်းမာရေး

ကျေးရွာတွင် ယင်လုံအိမ်သာများကိုသာသုံးစွဲခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုနည်းပြီး အခြားရောဂါများဖြစ်ပွားမှုအချို့တွေ့ရပါသည်။ ကျေးလက်ဆေးပေးခန်းမရှိပါ။ ကျန်းမာရေး ဆရာမမှ လစဉ်ကာကွယ်ဆေးထိုးနှံ ပေးလျက်ရှိပါသည်။ ရောဂါပြင်းထန်ပါကရွာနှင့် (၁၃)မိုင်ခန့်အကွာရှိ မိုးနဲမြို့သို့ သွားရောက်ကုသကြပါသည်။ ကျေးရွာတွင် အဝီစိတွင်းများ အသုံးပြုကြပါသည်။ နွေရာသီတွင်ရေလုံလောက်မှု မရှိပါ။ ကျေးရွာတွင် ယင်လုံအိမ်သာများကိုသာသုံးစွဲကြပါသည်။

၉။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် သဘာဝပတ်ဝန်းကျင်အန္တရာယ်ရှိမှုအနေဖြင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအလွန်အားနည်းပြီး အမှိုက်များအား လမ်းဘေးတွင်သာ စွန့်ပစ်ကြသည်သာများပြီး အမှိုက်ပုံဟူ၍ အတည်မရှိပါ။ ကျန်သည့်အခက်အခဲများမှာ အလယ်အလတ်အဆင့်သာရှိပါသည်။

၁၀။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

ကျေးရွာများ၏ ဖြစ်လေ့ရှိသောအခြေအနေများကဲ့သို့ပင် မိမိတို့ကျေးရွာတွင် အမျိုးသမီးများမှာ ကျေးရွာ၏စီမံအုပ်ချုပ်မှုစနစ်များတွင် အမျိုးသမီးပါဝင်မှုအားနည်းပါသည်။ နေရာပေးရန် ယုံကြည်မှုမရှိခြင်း၊ ရှေးရိုးစွဲအယူအဆများစသည်တို့ကြောင့်ဖြစ်ပါသည်။ မိမိတို့ ကျေးရွာသည် တရားဥပဒေစိုးမိုးသောကျေးရွာဖြစ်သောကြောင့် အကြမ်းဖက်မှုများ၊ တိုင်ကြားမှုများမရှိပေ။ ထို့အတူ ကျေးရွာသူ/သားများ၏ အသိပညာ၊ ဗဟုသုတအားနည်းမှုများကြောင့် တရားဥပဒေနှင့် ပတ်သက်၍ အသိအမြင်များမရှိပေ။

၁၁။ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး

လူငယ်များအတွက် သီတင်းကျွတ်ပွဲ၊ ကထိန်ပွဲ၊ နှစ်သစ်ကူးပွဲများရှိပါသည်။ ကျေးရွာသည် စည်းလုံး ညီညွတ်သောကြောင့် သာရေး၊ နာရေးများ၊ ပွဲတော်များ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် လူကြီး/လူငယ်၊ ကျား/မ မရွေးတက်ကြွစွာ

ပါဝင်လုပ်ဆောင်ကြပါသည်။ အခြားအားကစားရေးရာနှင့် အပန်းဖြေဗဟုသုတရှာမှီးရန် နေရာများမရှိသောကြောင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်လျက် ရှိပါသည်။

၁၂။ ကျေးရွာတည်ငြိမ်ရေးနှင့် ဘေးကင်းလုံခြုံရေး

ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ချရေးအစီအစဉ်များနှင့် အဖွဲ့များ ဖွဲ့စည်းထားခြင်းမရှိပါ။ မြို့နှင့် ကွာဝေးသောကြောင့် ရဲဘက်ဆိုင်ရာမှအသိပညာပေးဟောပြောပွဲများ ကဲ့သို့ ဝန်ဆောင်မှုများ မရှိပါ။ကျေးရွာတွင် တရားဥပဒေစိုးမိုးမှုရှိသောကြောင့် မှုခင်းဖြစ်ပွား မှုမရှိပါ။

၃။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

စဉ်	စီမံချက် (Project)	ဦးစားပေး အဆင့်	၂၀၂၁	၂၀၂၂	၂၀၂၃	၂၀၂၄	၂၀၂၅
၁။	ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း	၁	✓				
၂။	တံတား(၂)စင်းတည်ဆောက်ခြင်း	၂	✓	√	√	√	
၃။	ရေပိုက်နှင့်ရေစုကန်တည်ဆောက်ခြင်း	၃	√	√	√		
၄။	ချေးငွေစီမံကိန်းများလိုအပ်ခြင်း	၄	√	√	√	√	
၅။	ဆည်တည်ဆောက်ခြင်း	၆		√	√	√	√
၆။	ကုန်ထုတ်လမ်း(၄/၀)မိုင်ခင်းခြင်း	၇		√	√		
၇။	ကျန်းမာရေးပညာပေးသင်တန်း	၈	√	√	√	√	√
၈။	မူလတန်း(လွန်)ကျောင်းအဆင့်မြှင့်တင်ခြင်း	၉		√	√	√	
၉။	စိုက်ပျိုးရေးပညာပေးသင်တန်း	၁၀	✓	✓	✓	✓	✓
၁၀။	အသက်မွေးဝမ်းကျောင်းသင်တန်း	၁၁	✓	✓	✓	✓	✓

အပိုင်း (ခ)

စီမံချက်ဆိုင်ရာ အချက်အလက်များ

နောက်ဆက်တွဲ (၃)

စီမံချက်အဆိုပြုလွှာ(သို့) စီမံချက်အကြောင်းအရာ (Project Profile)

ကျေးရွာ	– ဆွန်မွန်းကျေးရွာ
ကျေးရွာအုပ်စု	– ကုန်းလွန်းအုပ်စု
မြို့နယ်	– မိုးနဲမြို့နယ်
တိုင်း/ပြည်နယ်	– ရှမ်းပြည်နယ်တောင်ပိုင်း
စီမံချက်အမည်	**– ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း**

စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ

လက်ရှိအသုံးပြုလျက်ရှိသော မြေသားလမ်းမှာ အပေါ်ယံတွင် ကိုယ်ထူကိုယ်ထဖြင့် ဖြုံးကျောက် အနည်းငယ်ခင်း ထားသောကြောင့် သွားလာရအဆင်ပြေသော်လည်း မိုးရာသီတွင်မူ ရေမြောင်းများ စနစ်တကျတူးဖော်ထားမှု မရှိခြင်း၊ ခင်းထားသော ဖြုံးကျောက်များ မှာ စနစ်တကျစက်မှကြိတ်၍ ခင်းထားခြင်း မဟုတ်သောကြောင့် ပျက်ဆီးကာ သွားလာရခက်ခဲပါသည်။

စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့် ဆန္ဒဖော်ပြရန်)

လက်ရှိအချိန် မိုးရာသီတွင် သွားလာရခက်ခဲလျက်ရှိသော ကျေးရွာတွင်းလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြင့်တင်ခြင်းဖြင့် သွားလာရအဆင်ပြေစေရန် ရည်ရွယ်ပါ သည်။

မျှော်မှန်းအကျိုးရလဒ်(လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) ရွာတွင်းလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြင့်တင်ပြီးပါက ရွာမှ ထုတ်ကုန် များအား ရာသီမရွေး မြို့သို့အချိန်မီ တင်ပို့ရောင်းချနိုင်မည့်အပြင်၊ အခြားကျေးရွာများပါ ပိုမိုသွားလာရလွယ်ကူသွားမည်ဖြစ်ပြီး ကျေးရွာအနေဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်ပါသည်။
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက် ပမာဏ လုပ်ရမည်) ကျေးရွာတွင်း လမ်းမကြီး ကျောက်ချောလမ်းခင်းခြင်း လမ်းအရှည်ပေ – ၆၀၀' လမ်းအကျယ်ပေ – ၁၂' လမ်းအမြင့်ပေ – ဝ'-၆" (လမ်းထု)
စီမံချက် ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့် အစီအစဉ်
• (ငွေသား) သိန်း (၁၀ဝ) ကျပ်	• ကျေးလက်ဦးစီး
• –	• ကျေးရွာ
• (ပစ္စည်း/လုပ်အား) သိန်း( )ကျပ်	• ကျေးရွာ

အကျိုးခံစားသူဦးရေ	လူဦးရေ			ဆင်းရဲချမ်းသာမှု အဆင့်အတန်း (အိမ်ခြေ)				
	ကျား	မ	ပေါင်း	၁	၂	၃	၄	ပေါင်း
ကျေးရွာအဆင့်	၄၉	၂၇	၇၅	၆	၇			
အကျိုးခံစားမည့်သူ	၄၉	၂၇	၇၅	၆	၇			

ဦးရေ								
မှတ်ချက်။ ချောင်လည်အဆင့် – ၁ ၊ အလယ်အလတ်အဆင့် –၂ ၊ ဆင်းရဲ–၃ ၊ အလွန်ဆင်းရဲ – ၄								

စီမံချက် အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(၁) တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း (များ)

– ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

– ကျေးရွာလူငယ်အဖွဲ့

– ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂) စီမံချက်စတင်မည့် အချိန်ခန့်မှန်း –

(၃) စီမံချက် ပြီးစီးမည့် အချိန် –

(၄) ကျေးရွာထည့်ဝင်မှု ရရှိအောင် ဆောင်ရွက်မည့် အစီအစဉ် –

ကျေးရွာမှ အဓိကအားဖြင့်လုပ်အားပါဝင်ကူညီသွားမည်ဖြစ်ပြီး တစ်အိမ်တစ်ယောက် လုပ်အား ပါဝင်ပေးရမည် ဖြစ်ပါသည်။ အကယ်လုပ်အားပါဝင်ပေးနိုင်ခြင်း မရှိပါက ငွေကြေး မဖြစ်မနေ ပါဝင်ပေးရမည် ဖြစ်ပါသည်။ ယာဉ်/ စက်၊ ယန္တရားပိုင်ဆိုင်သူများအနေဖြင့်လည်း ကျေးရွာမှ ဆီထည့်ပါဝင်ကာ ကူညီလုပ်ကိုင်ပေးမည် ဖြစ်ပါသည်။

(၅) လုပ်ငန်းလည်ပတ်ရေး၊ ပြုပြင်ထိန်းသိမ်းရေးတို့အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

ကွန်ကရစ်လမ်း ရေရှည်တည်တံ့စေရေးအတွက် လမ်းပြုပြင်ထိန်းသိမ်းရေးကော်မတီ ဖွဲ့စည်းကာ ယာဉ်ဖြတ်သန်းသွားလာခများ ကောက်ခံခြင်း၊ လိုအပ်ပါက ကျေးရွာမှ အလှူငွေများ ကောက်ခံကာ ပြုပြင်ခြင်းများ ပြုလုပ် ထိန်းသိမ်းသွားမည် ဖြစ်ပါသည်။

နောက်ဆက်တွဲ (၁)

ဆွန်မွန်းကျေးရွာ၊ ကုန်းလွန်းကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁။	လုံးဆန်း	လုံးဝဏ္ဏ	၁၃/မနန(နိုင်)၀၂၆၂၂၂	၇၃	ဥက္ကဋ္ဌ	
၂။	လုံးအေး	လုံးဝန်း		၄၀	အတွင်းရေးမှူး	
၃။	နန်းထိုင်း	လုံးဆန်ခင်	၁၃/မနန(နိုင်)၀၁၈၃၇၃		ဘဏ္ဍာရေးမှူး	
၄။	စိုင်းလှ	လုံးဆောန		၁၈	စာရင်းကိုင်	
၅။	လုံးဆောန	ပေါ်ထောက်လှိုင်		၄၉	အဖွဲ့ဝင်	
၆။	နန်းပွတ်	လုံးစိုင်း	၁၃/မနန(နိုင်)၀၁၈၃၇၇	၄၀	အဖွဲ့ဝင်	
၇။	ပါအောင်	လုံးဝန်း		၄၀	အဖွဲ့ဝင်	

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်			
၁ နှစ်မှ ၄ နှစ်	၅နှစ်အောက်ကလေးငယ်	၂	၁	၃
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁	၁	၂
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၆	၂	၈
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၃၉	၂၃	၆၂
၆၅ နှစ်နှင့် အထက်	သက်ကြီးရွယ်ကြီး			
စုစုပေါင်း		၄၉	၂၇	၇၅
စုစုပေါင်း အိမ်ထောင်စု		၁၃		

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက်(၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅နှစ်မှ၉နှစ်ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ဆွန်မွန်းကျေးရွာသည်ကုန်းလွန်းကျေးရွာအုပ်စု အတွင်းရှိ ကျေးရွာ တစ်ရွာဖြစ်ပြီး မိုးနဲမြို့မှ (၁၃)မိုင်ခန့်အကွာတွင် တည်ရှိပါသည်။ အိမ်ထောင်စု ပေါင်း(၁၃)စုရှိပြီး လူဦးရေစုစုပေါင်းမှာ (၇၅)ဦး ရှိပါသည်။ အလုပ်လုပ်နိုင်သည့်အရွယ်မှာ လူဦးရေ ၏(၈၀%) ရှိပြီး ကျေးရွာ၏ အမျိုးသမီးအရေအတွက်မှာ

အမျိုးသားများထက်များပြားနေပြီး မြန်မာနိုင်ငံ၏တစ်အိမ်ထောင်စု ပျမ်းမျှဦးရေမှာ (၅)ဦးဖြစ်ပြီးနောင်ပယ် ကျေးရွာ၏ တစ်အိမ်ထောင်စု ပျမ်းမျှ လူဦးရေမှာ (၄.၅၅)ဦးဖြစ်သည့်အတွက် ကွာခြားချက်မရှိ ကြောင်း တွေ့ရှိရပါသည်။

(ခ)အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁)လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၃	၆၂	၀	မြင့် ☐လတ်☐နိမ့်☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐လတ်☐နိမ့်☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့်☐လတ်☐☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့်☐လတ် ☐နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေ ရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ်လုပ်ကိုင် သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	○	○	○	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	○	○	○	မြင့် ☐လတ် ☐နိမ့် ☐
၁၆	**ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	○	○	○	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	○	○	○	မြင့် ☐လတ် ☐နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	○	○	○	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	○	○	○	မြင့် ☐လတ် ☐နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	○	○	○	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	○	○	○	မြင့် ☐လတ် ☐နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	○	○	○	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	○	○	○	မြင့် ☐လတ် ☐နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	○	○	○	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက်	○	○	○	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိကဝင်ငွေရလုပ်ငန်း မဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင်လုပ်အား		
	အလုပ်သမား				
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	စုစုပေါင်း	၁၃	၆၂		☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ဆွန်မွန်းကျေးရွာတွင် စိုက်ပျိုးရေးကိုသာအဓိကလုပ်ကိုင်ကြကြောင်းတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၈၀၀၀	၅၀၀၀	၀	၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း	နေ့စား	၀	၀	၀	၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	(ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း)					
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	၈၀၀၀	၀	၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကားရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။

မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (**လစာ**÷၂၂.၇၅)

(၂) **နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ** = (**တစ်နာရီဝင်ငွေ** × ၈)

လေ့လာတွေ့ရှိချက်။ ။ဆွန်မွန်းကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိကထားလုပ်ကိုင်ကြပြီး နေ့စားလုပ်အားခအဖြစ် ကျား(၈၀၀၀)ကျပ် ၊မ(၅၀၀၀)ကျပ်ဖြင့် ဌားရမ်းလုပ်ကိုင်ကြပြီး အများဆုံး၊အနည်းဆုံး နှုန်းထားသတ်မှတ်မထားဘဲ ပုံမှန်နှုန်းသာပေးချေကြပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာအရည်အသွေး** **(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)**
လယ်မြေ	၄၅	ကောင်း ☐ သင့် ☐ ညံ့ ☐
ယာမြေ / တောင်ယာမြေ	၀	ကောင်း ☐ သင့် ☐ ညံ့ ☐
ဥယျာဉ်ခြံမြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
ကိုင်း/ ကျွန်းမြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
ဓနိတောမြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
စားကျက်မြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
မြေလွတ်မြေလပ်	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
စုစုပေါင်း	၄၅	☒

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်းအမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့်မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ဆွန်မွန်းကျေးရွာတွင် လယ်မြေ(၄၅)ဧကရှိပြီး မြေအမျိုးအစားအလိုက်မြေဆီလွှာအရည်အသွေးမှာ သင့်တင့်သော အရည်အသွေးသာ ရှိကြောင်းနှင့် လယ်စိုက်ပျိုးရန်အတွက် ရေအား ရေချောင်းမှရရှိကြောင်းတွေ့ရှိရပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်းတွေ့ရှိနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)
သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ (ခဲတတ်ငွေ့၊ရေနံ၊ကျောက်မျက် စသည်။)	များ☐☐☐သင့်☐☐ နည်း☐☐ မရှိ☐☐	လွယ်☐☐☐☐ခက်☐အသုံးမပြု နိုင်ပါ ☐
ကျောက်၊သဲ၊ကျောက်စရစ် စသည်များ	များ☐☐☐သင့်☐☐ နည်း☐☐ မရှိ☐☐	လွယ်☐☐☐☐ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ☐☐☐သင့်☐☐နည်း☐☐ မရှိ☐☐	လွယ်☐☐☐☐ခက်☐အသုံးမပြု နိုင်ပါ☐
သဘာဝတိရစ္ဆာန်မျိုးစိတ်များ	များ☐☐☐သင့်☐☐နည်း☐☐ မရှိ☐☐	☒

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ဆွန်မွန်းကျေးရွာသည် ကျောက်၊ သဲ၊ ကျောက်စရစ်များ၊ ဓါတ်သတ္တု များ နှင့် အခြားသဘာဝအရင်းမြစ်များ မထွက်ကြောင်းတွေ့ရှိရပါ သည်။

(ဃ)ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်းအရာ	**သတ်မှတ်စံနှုန်း**			
	အဆင်ပြေ သော အိမ်ထောင်စု	**အလယ်အလတ် ရှိသောအိမ် ထောင်စု**	**မပြေလည်သော အိမ်ထောင်စု**	**အလွန်မပြေ လည်သောအိမ် ထောင်စု**
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့

အကြောင်းအရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေ သော အိမ်ထောင်စု	အလယ်အလတ် ရှိသောအိမ် ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေ လည်သောအိမ် ထောင်စု
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေးလု ပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၆	၇		

ရင်းမြစ်… (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ဆွန်မွန်းကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုများနှင် အလယ် အလတ်ရှိသော အိမ်ထောင်စုများမှာ မြေယာများပိုင်ဆိုင်မှုများကြောင်းတွေ့ရှိရပါသည်။အိမ်အခြေအနေမှာအဆင်ပြေသော အိမ်ထောင်စု များ၏အိမ်များမှာ သွပ်မိုး၊အုတ်/ပျဉ်ကာများဖြစ်၍ ကျန်အိမ်ထောင်စုများမှာ သွပ်မိုး၊ ဝါးထရံကာ များဖြစ်ကြောင်းနှင့် လုပ်ငန်းသုံးစက်ကိရိယာပိုင်ဆိုင်မှုမှာ အဆင်ပြေ သောအိမ်ထောင်စုများနှင် အလယ်အလတ်ရှိသောအိမ်ထောင်စုများသာ ပိုင်ဆိုင်ကြောင်းတွေ့ရှိရသည်။ အိမ်ထောင်စု များသော အားဖြင့် ဆိုင်ကယ်များပိုင်ဆိုင်၍ အဆင်ပြေသော အိမ်ထောင်စုနှင့် အလယ်အလတ်အိမ်ထောင်စုများ ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးဖြစ်ပြီး ကျန်အိမ်ထောင်စုများမှာ စိုက်ပျိုးရေး နေ့စားလုပ်ကိုင်သူ များ၊ ကျပန်း လုပ်ကိုင်သူများရှိကြောင်းတွေ့ရှိရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ မနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထော င်စုအရေအတွက်များကိုဖော်ပြရန်)
၃လအောက်ဝမ်း	ဝ	အခြားအစာပြောင်းလဲစား = ဝ

အချိန်ကာလ	**အိမ်ထောင်စု အရေအတွက်**	**ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်)**
စာဖူလုံမှု		အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃လနှင့်၆လကြား၀မ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆လမှ၁၂လအထိ၀မ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	**ကျား**	**မ**	**ပေါင်း**
မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၄နှစ်နှင့်အထက်	၀	၀	၀

အကြောင်းအရာ	**ကျား**	**မ**	**ပေါင်း**
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စုအရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု	၀		
ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု	၀		
အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု	၀		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။။။

(င-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	**ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)**	**ထိခိုက်လွယ်မှု**(မှန်ရာတစ်ခုကိုသာရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့်☐☐☐လတ်☐☐☐နိမ့်☐☐☐☐မရှိ☐☐☐
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ)	မြင့်☐☐☐လတ်☐☐☐နိမ့်☐☐☐☐မရှိ☐☐☐
၃	ရေကြီးခြင်း	မြင့်☐☐☐လတ်☐☐☐နိမ့်☐☐☐☐မရှိ☐☐☐
၄	မိုးခေါင်ခြင်း	မြင့်☐☐☐လတ်☐☐☐နိမ့်☐☐☐☐မရှိ☐☐☐
၅	အအေးလွန်ကဲခြင်း	မြင့်☐☐☐လတ်☐☐☐နိမ့်☐☐☐☐မရှိ☐☐☐
၆	မုန်တိုင်း	မြင့်☐☐☐လတ်☐☐☐နိမ့်☐☐☐☐မရှိ☐☐☐
၇	ငလျင်	မြင့်☐☐☐လတ်☐☐☐နိမ့်☐☐☐☐မရှိ☐☐☐
၈	မီးဘေး	မြင့်☐☐☐လတ်☐☐☐နိမ့်☐☐☐☐မရှိ☐☐☐
၉	ဆားငန်ရေဝင်မြေ	မြင့်☐☐☐လတ်☐☐☐နိမ့်☐☐☐☐မရှိ☐☐☐

စဉ်	**ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)**	**ထိခိုက်လွယ်မှု**(မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့်☐☐☐လတ်☐☐☐နိမ့်☐☐☐☐မရှိ☐☐☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်☐☐☐လတ်☐☐☐နိမ့်☐☐☐☐မရှိ☐☐☐
၁၂	ငှက်ဖျားရောဂါ	မြင့်☐☐☐လတ်☐☐☐နိမ့်☐☐☐☐မရှိ☐☐☐
၁၃	တီဘီရောဂါ	မြင့်☐☐☐လတ်☐☐☐နိမ့်☐☐☐☐မရှိ☐☐☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့်☐☐☐လတ်☐☐☐နိမ့်☐☐☐☐မရှိ☐☐☐
၁၅	ပြည်တွင်းပဋိပက္ခ	မြင့်☐☐☐လတ်☐☐☐နိမ့်☐☐☐☐မရှိ☐☐☐
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့်☐☐☐☐လတ်☐☐☐နိမ့်☐☐☐☐မရှိ☐☐☐
၁၇	လူကုန်ကူးခြင်း	မြင့်☐☐☐လတ်☐☐☐နိမ့်☐☐☐☐မရှိ☐☐☐
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့်☐☐☐လတ်☐☐☐နိမ့်☐☐☐☐မရှိ☐☐☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် – နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု – လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် – မြင့်)

လေ့လာတွေ့ရှိချက်။ ။ သဘာဝရင်းမြစ် (စိုက်ပျိုးမြေ)နည်းပါးခြင်း၊ သီးနှံထွက်နှုန်းပုံမှန် မရှိခြင်း၊ သီးနှံထွက်ကုန်များ ရောင်းဈေးများပုံမှန်မရှိခြင်းများရှိပါသည်။ တီဘီရောဂါကူးစက်ခံရမှု များနှင့် ငှက်ဖျားရောဂါ ဖြစ်သူများအား ကျန်းမာရေးဌာနမှ လမ်းညွှန်မှုနှင့် သောက်သုံးရမည့် ဆေးဝါးများအား သောက်သုံးကာ ရောဂါ ပျောက်ကင်းအောင်ကုသလျှက်ရှိပါသည်။ တိရိစ္ဆာန်များ ကူးစက်ရောဂါများကျရောက်မှုရှိသော်လည်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လာရောက်ကုသမှု ပေးသဖြင့် ထိခိုက်မှုမရှိကြောင်းတွေ့ရှိရသည်။

(င-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၅	မြစ်ကမ်းဘေးနေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသောနေရာ(Prone to accident)တွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၈	မြေနိမ့်ပိုင်းနေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၀	လက်လုပ်လက်စားများ၊ကျပန်းများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၂	ဒေသတွင်းပဋိပက္ခဇရိယာတွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၃	နယ်စပ်ဒေသတွင်နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၇	လှည့်လည်သွားလာ၍ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)
၁၈	နေရပ်ပြန်အခြေချသူများ	မြင့်☐☐☐လတ်☐☐နိမ့်☐☐☐မရှိ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့်☐☐☐လတ်☐☐နိမ့်☐☐☐မရှိ☐
၂၀	ကားမောင်းပြီးအသက်မွေးသူများ	မြင့်☐☐☐လတ်☐☐နိမ့်☐☐☐မရှိ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။

(၂)ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က)ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁)ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာ<u>တစ်ခုကို</u> <u>သာ</u>ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာ <u>တစ်ခုကို</u> <u>သာ</u>ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ရပ်မိရပ်ဖ	၁ ☐ ၂ ☐ ၃ ☐	၁၀	၅	၁၅	ပညာရေး☐☐ငွေကြေး☐☐ ကျန်းမာရေး☐ဘာသာရေး☐☐ စိုက်ပျိုးမွေးမြူရေး☐☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐☐	ကောင်း☐ သင့်☐☐ ညံ့☐☐☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု(မှန်ရာတစ်ခုကို သာရွေးရန်)
			ကျား	မ	ပေါင်း		
၂	လူငယ်အဖွဲ့	၁ ☐ ၂ ☐ ၃ ☐	၁၅	၁၀	၂၅	ပညာရေး☐☐☐ငွေကြေး☐☐ ကျန်းမာရေး☐ဘာသာရေး☐☐ စိုက်ပျိုးမွေးမြူရေး☐☐☐☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး☐☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐☐	ကောင်း☐ သင့်☐☐ ညံ့☐☐
၃	ကျန်းမာရေးေ ော်မတီ	၁ ☐ ၂ ☐ ၃ ☐	၅	၂	၇	ပညာရေး☐☐☐ငွေကြေး☐☐ ကျန်းမာရေး☐ဘာသာရေး☐☐ စိုက်ပျိုးမွေးမြူရေး ☐☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး☐☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐☐	ကောင်း☐ သင့်☐☐ ညံ့☐☐
၄	ကျောင်း အကျိုး တော်ဆောင်	၁ ☐ ၂ ☐ ၃ ☐	၅	၀	၀	ပညာရေး☐☐☐ငွေကြေး☐☐ ကျန်းမာရေး☐ဘာသာရေး☐☐ စိုက်ပျိုးမွေးမြူရေး☐☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး☐ လုံခြုံရေးနှင့်ကာကွယ်ရေး☐☐	ကောင်း☐ သင့်☐☐ ညံ့☐☐
၅		၁ ☐ ၂ ☐ ၃ ☐				ပညာရေး☐☐☐ငွေကြေး☐☐ ကျန်းမာရေး☐ဘာသာရေး☐☐ စိုက်ပျိုးမွေးမြူရေး☐☐ သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး☐	ကောင်း☐ သင့်☐☐ ညံ့☐☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေး နိုင်သည်။)	စွမ်းဆောင် နိုင်မှု(မှန်ရာ တစ်ခုကို သာရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့်ကာကွယ်ရေး	
၆		၁ ၂ ၃				ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့်ကာကွယ်ရေး	ကောင်း သင့် ညံ့
၇		၁ ၂ ၃				ပညာရေး ငွေကြေး ကျန်းမာရေး ဘာသာရေး စိုက်ပျိုးမွေးမြူရေး သာရေးနာရေး၊လူမှုဖွံ့ဖြိုးရေး လုံခြုံရေးနှင့်ကာကွယ်ရေး	ကောင်း သင့် ညံ့

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁)စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂)လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃)ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ပညာရေး၊ကျန်းမာရေး၊သာရေး/နာရေး၊ ဘာသာရေးနှင့် လုံခြုံရေးကိစ္စများအားကျေးရွာရပ်မိရပ်ဖများမှဦးဆောင်ကာပေါင်းစပ်ဆောင်ရွက်လျှက်ရှိပါသည်။ ဆောင်ရွက်ပေး နိုင်မှု

အသင့်အတင့်ရှိပါသည်။ ပေါင်းစပ်ဆောင်ရွက်ရာတွင် အမျိုးသမီးပါဝင် မှုအား နည်းကြောင်း တွေ့ရှိပါသည်။ ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းမှာ (၄)ဖွဲ့ရှိပြီး လုပ်ငန်း တာဝန်မှာ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးများကို လုပ်ဆောင်ကြကြောင်း တွေ့ရှိရပါသည်။

(က-၂)ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သ ည်)
၁		၁ ☐☐၂ ☐☐၃ ☐☐၄ ☐ ၅ ☐☐၆ ☐☐၇ ☐	ပညာရေး☐☐☐ငွေကြေး ☐☐ ကျန်းမာရေး☐ဘာသာရေး ☐☐ စိုက်ပျိုးမွေးမြူရေး ☐☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂		၁ ☐☐၂ ☐☐၃ ☐☐၄ ☐ ၅ ☐☐၆ ☐☐၇ ☐	ပညာရေး☐☐☐ငွေကြေး ☐☐ ကျန်းမာရေး☐ဘာသာရေး ☐☐ စိုက်ပျိုးမွေးမြူရေး ☐☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၃		၁ ☐၂ ☐☐၃ ☐☐၄ ☐ ၅ ☐☐၆ ☐☐၇ ☐	ပညာရေး☐☐☐ငွေကြေး ☐☐ ကျန်းမာရေး☐ဘာသာရေး ☐☐ စိုက်ပျိုးမွေးမြူရေး ☐☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၄		၁ ☐☐၂ ☐☐၃ ☐☐၄ ☐ ၅ ☐☐၆ ☐☐၇ ☐	ပညာရေး☐☐☐ငွေကြေး ☐☐ ကျန်းမာရေး☐ဘာသာရေး ☐☐ စိုက်ပျိုးမွေးမြူရေး ☐☐

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (မှန်ရာတစ်ခုကိုသာရွေးရန်)	အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
			သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၅		၁ □□၂ □□၃ □□၄ □ ၅ □□၆ □□၇ □	ပညာရေး□□□ငွေကြေး □□ ကျန်းမာရေး□ဘာသာရေး □□ စိုက်ပျိုးမွေးမြူရေး □□ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၆		၁ □□၂ □□၃ □□၄ □ ၅ □□၆ □□၇ □	ပညာရေး□□□ငွေကြေး □□ ကျန်းမာရေး□ဘာသာရေး □□ စိုက်ပျိုးမွေးမြူရေး □□ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ –Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စုအရေအတွက်	ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက်
၁	မြေယာမဲ့		မြေမဲ့ယာမဲ့
၂	၂.၅ဧကအောက်	၇	ဆင်းရဲသားတောင်သူ
၃	၂.၅ဧကမှ၅ဧကကြား	၆	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧကကြား		တောင်သူလတ်
၅	၁၂.၅ဧကအထက်		တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၁၃	☒

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ဆွန်မွန်းကျေးရွာတွင် ဆင်းရဲသားတောင်သူနှင့်တောင်သူလတ်သာရှိပြီး တောင်သူကြီးများ မရှိကြောင်းတွေ့ရှိရပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာတစ်ခုကိုသာ ရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐မဖြေဆိုပါ☐
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐	ရှိ ☐

စဉ်	**အရင်းအမြစ်**	**ရေသောက် (ဧက)**	**ရေရရှိနိုင်မှု**	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက်(မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်)	**လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)
			ရာသီအလိုက် ☐မဖြေဆိုပါ ☐	မရှိ ☐မဖြေဆိုပါ☐
၃	မြစ်ရေတင် စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐မဖြေဆိုပါ☐
၄	ရေသွင်း မြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐မဖြေဆိုပါ☐
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐မဖြေဆိုပါ☐
၆	လက်ငင် ရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐

ရင်းမြစ်… (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ဆည်၊ရေလွှဲဆည်၊ မြစ်ရေတင်စီမံကိန်းဟူ၍မရှိပါ။အိမ်တိုင်းနီးပါး

အဝီစိတွင်းများရှိကြပါသည်။နွေရာသီတွင်ရေလုံလောက်မှုမရှိပါ။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက် ဧက	တစ်ဧကအထွက်နှုန်း				သီးနှံ စိုက်ပျိုးသည့် ကာလ		သွင်းအားစု လိုအပ် ချက် (မှန်ရာ <u>တစ်ခုကို</u> <u>သာ</u>ရွေးရန်)	အမြတ် ရရှိနိုင်မှု(မှန်ရာ<u>တစ်</u> <u>ခုကိုသာ</u>ရွေးရန်)
		ယူ နစ်	အ နည်း ဆုံး	အ များ ဆုံး	ပျမ်း မျှ	မှ	ထိ		
ပြောင်း	၄၅	ပိဿ ာ	၈၀၀	၁၀၀၀	၉၀၀	ဇွန်	နိုဝင် ဘာ	မြင့် လတ် နိမ့်	မြင့် လတ် နိမ့်
စပါး	၄၅	တင်း	၁၀	၁၅	၁၂	ဇွန်	အောက် တိုဘာ	မြင့် လ တ် နိမ့်	မြင့် လတ် နိမ့်

ရင်းမြစ်…ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်ပြောင်းစိုက်ပျိုးရေးမှာ အထွက်နှုန်းပုံမှန်ရှိပြီး သွင်းအားစု လိုအပ်ချက်နည်းကာ အမြတ်ရရှိမှုလည်း နည်းပါးပါသည်။ စပါးစိုက်ပျိုးရေးမှာလည်း အထွက်နှုန်း တစ်နှစ်နှင့်တစ်နှစ်ခြားနားမှု အသင့်အတင့်ရှိပြီး သွင်းအားစုလိုအပ်ချက်နည်းပါး ပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရှာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	၀	၀	၀	၀
လက်တွန်းထွန်စက်	၇	၀	၀	၀
အစေ့ချကိရိယာ	၀	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၀
ရိတ်သိမ်းစက်	၀	၀	၀	၀
ခြွေလှေ့စက်	၀	၀	၀	၀
ရေစုပ်စက်	၀	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၀	၀	၀	၀

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု။

လေ့လာတွေ့ရှိချက်။ ။လယ်ယာစိုက်ပျိုးရေးအနေဖြင့် ကျွဲ၊နွား အသုံးမပြုဘဲ လက်တွန်းထွန်စက်ကိုသာ အသုံးပြုကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	**ဖော်ပြချက်/ရှင်းလင်းချက်** **(မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ေ ေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူ ဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)**
သဘာ၀ရေမြေရာသီဥတုအနေ အထား	အလွန်ကောင်း ကောင်း သင့်တင့်မျှတ မဖြေဆိုပါ
လယ်ယာမြေအသုံးချနိုင်မှု	အလွန်ကောင်း ကောင်း သင့်တင့်မျှတ မဖြေဆိုပါ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာရွေးရန်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက "မဖြေဆိုပါ" ဟူသောအကွက်ကိုရွေးရန်။)
စိုက်ပျိုးရေအရင်းအမြစ်	အလွန်ကောင်း□□ကောင်း□□သင့်တင့်မျှတ□မဖြေဆိုပါ□
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွန်ကောင်း□□ကောင်း□□သင့်တင့်မျှတ□မဖြေဆိုပါ□
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွန်ကောင်း□□ကောင်း□သင့်တင့်မျှတ□□မဖြေဆိုပါ□
သဘာဝမြေဆွေး / အော်ဂဲနစ်မြေသြဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	အလွန်ကောင်း□□ကောင်း□□□□သင့်တင့်မျှတ□□မဖြေဆိုပါ□
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေသြဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	အလွန်ကောင်း□□ကောင်း□□□□သင့်တင့်မျှတ□□မဖြေဆိုပါ□
လုပ်သားရရှိနိုင်မှု	အလွန်ကောင်း□□ကောင်း□□□□သင့်တင့်မျှတ□□မဖြေဆိုပါ□
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွန်ကောင်း□□ကောင်း□□□□သင့်တင့်မျှတ□□မဖြေဆိုပါ□
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	အလွန်ကောင်း□□ကောင်း□□□□သင့်တင့်မျှတ□□မဖြေဆိုပါ□

ရင်းမြစ်… (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။လယ်ယာမြေအသုံးချနိုင်မှုအနည်းငယ်ရှိပါသည်။ စိုက်ပျိုးရေအရင်းအမြစ် ရရှိမှုအသင့်အတင့်ရှိပါသည်။အလွယ်တကူသွားလာနိုင်သောကြောင့် ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှုရရှိပါသည်။စိုက်ပျိုးရေးအတွက် ဓါတ်မြေသြဇာများလည်းအလွယ်တကူဝယ်ယူရရှိနိုင်ပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ

ပြဿနာနှင့်အခက်အခဲများ	**ဖော်ပြချက်/ရှင်းလင်းချက်** **(<u>အနည်းဆုံးတစ်ခုနှင့်အထက်</u>ရွေးနိုင်သည်။ဇယား၁၇နှင့်၁၈ကိုချိတ်ဆက်စစ်ဆေးပြီးမှဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက “မဖြေဆိုပါ” ဟူသောအကွက်ကိုရွေးရန်။)**
သဘာဝရေမြေရာသီဥတုအနေအထား	မြေဆီဩဇာမကောင်း ရာသီဥတုမမှန် မဖြေဆိုပါ
လယ်ယာမြေအသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ လယ်ယာမြေဆုံးရှုံးမှုများသည် လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည် ပလပ်မြေများရှိသည် ပလပ်မြေအသင့်အတင့်ရှိသည် မဖြေဆိုပါ
စိုက်ပျိုးရေအရင်းအမြစ်	အလွယ်တကူမရနိုင် လုံးဝမရ မဖြေဆိုပါ
ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် လုံးဝမရ မဖြေဆိုပါ
သီးနှံမျိုးစေ့ရရှိနိုင်မှု	အလွယ်တကူမရနိုင် လုံးဝမရ မဖြေဆိုပါ
သဘာဝမြေဆွေး / အော်ဂဲနစ်မြေဩဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ	အလွယ်တကူမရနိုင် လုံးဝမရ မဖြေဆိုပါ
ဓာတုပိုးသတ်ဆေး၊ဓာတ်မြေဩဇာနှင့်အခြားဓာတုဗေဒသွင်းအားစုများ	အလွယ်တကူမရနိုင် လုံးဝမရ မဖြေဆိုပါ
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် လုံးဝမရ မဖြေဆိုပါ
နည်းပညာ၊အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် လုံးဝမရ မဖြေဆိုပါ
သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု	သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်မရောင်းချနိုင်ပါ သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ မဖြေဆိုပါ
ဖျက်ပိုးနှင့်ရောဂါကျရောက်မှု	ဆိုးရွားစွာကျ အသင့်အတင့်ကျ အနည်းငယ် မဖြေဆိုပါ

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင် ပြဿနာအခက်အခဲအဖြစ် တခါတရံ ရာသီဥတုမမှန်ကန်မှုကြောင့် သီးနှံများ ဆုံးရှုံးမှုများဖြစ်ပေါ်တက်ပါသည်။

(ခ–၂) မွေးမြူရေးလုပ်ငန်း

